

*လက်နက်ကြီးရန် နှင့် တိုက်ပွဲများကြောင့် ထိုင်းနိုင်ငံနယ်စပ်ဘက်သို့ နေရပ်စွန့်ခွာထွက်ပြေးလာကြသော လေးကေ့ကော်၊ ပဟီကလော်၊ အင်ကြင်းမြိုင်၊ ထီးမှဲဝါးခီး၊ ရသေ့ဂူ၊ မေတ္တာလင်းမြိုင်၊ မင်းလတ်ပန် ဒေသနေ လူထုများ (ဒီဇင်ဘာ ၁၉၊ ၂၀၂၁)*

# စစ်ကောင်စီသည် ဒေါနတောင်တန်း တောင်ပိုင်း တစ်လျှောက်တွင် စစ်ပွဲ ဆင်နွှဲလျက်ရှိသည်

## အကျဉ်းချုပ်


၂၀၂၁ ခုနှစ် နောက်ပိုင်းက စ၍ (ကရင် အမျိုးသား အစည်းအရုံး KNU တပ်မဟာ ၆) ဒူးပလာယာ ခရိုင်အတွင်း မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ရေး လမ်းမကြီးဖြစ်သော အာရှလမ်းမကြီး တောင်ဘက် ဒေါနတောင်တန်း၏ နှစ်ဘက်စလုံးတွင် စစ်ကောင်စီတပ်ဖွဲ့များနှင့် ကရင်တော်လှန်ရေးတပ်ဖွဲ့များ အကြား ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားနေခဲ့သည်။ စစ်ကောင်စီတပ်ဖွဲ့များ၏ ပြင်းထန်သော လက်နက်ကြီးပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှု များကြောင့် အရပ်သား ၇၁ ဦး သေဆုံး (သို့မဟုတ်) ဒဏ်ရာရခဲ့ပြီး ၈၆,၀၀၀ ကျော် မှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ သူတို့အများစုမှာ ထိုင်းနယ်စပ် တစ်လျှောက်တွင် ဆောက်လုပ်ထားသော ဒုက္ခသည် စခန်းများတွင် ခိုလှုံနေကြရသည်။

ဤတင်ပြချက် စာတမ်းငယ်က KNU အပစ်အခတ်ရပ်စဲရေးနယ်မြေများအတွင်းသို့ စစ်အစိုးရ၏ ကျူးကျော်ဝင်ရောက်မှုများကြောင့် ပဋိပက္ခ များ ပေါ်ပေါက်လာခြင်းနှင့် ၂၀၁၂ ခုနှစ် ကတည်းက KNU အနေနှင့် အပစ်အခတ်ရပ်စဲထားသော်လည်း တစ်ခါမှ မဆုတ်ခွာရသေးသည့် ဒူးပလာယာဒေသ အတွင်း အခြေစိုက်စခန်းများမှ ထောင်နှင့်ချီသော စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ လှုပ်ရှားသွားလာမှုက ထို ပဋိပက္ခကို ပိုမို တောက်လောင်စေခြင်းတို့ အကြောင်းကို ဖော်ပြထားပါသည်။

အဓိက ဖြစ်ရပ်မှာ ဒုက္ခသည်များ နေရပ်ပြန်ရေး အတွက် ဂျပန်နိုင်ငံမှ ရန်ပုံငွေဖြင့် မြဝတီမြို့တောင်ဘက်ရှိ လေးကေ့ကော် "ငြိမ်းချမ်းရေးမြို့" တွင် ဖြစ်ပွားသော အဖြစ်အပျက်များ ဖြစ်သည်။ ငြိမ်းချမ်းရေး စီမံချက်၏ အမှတ် သင်္ကေတမှာ ယခု အခါ လူသူ ကင်းမဲ့ကာ ဗုံးဒဏ်ကို ကြောက်ရွံ့နေ ရပြီး လေးကေ့ကော် ဒေသခံ ၃,၀၀၀ ကျော်မှာ နောက်တစ်ကြိမ် သူတို့အသက်ဘေးအတွက် ထွက်ပြေးတိမ်းရှောင် နေရသည်။ ယင်းသည် ဂျပန် နိုင်ငံ အတွက် သင်ခန်းစာ ယူစရာဖြစ်သည်။ ဒုက္ခသည်များ နေရပ်ပြန်ရန် အချိန်မတိုင်သေးသည့် ငွေကြေးထောက်ပံ့မှုများသာမက စစ်မှန်သော တိုးတက်မှု စံချိန်စံညွှန်း သတ်မှတ်ချက်များ မရှိပဲ နေပြည်တော် အစိုးရကို ဖွံ့ဖြိုးရေး အကူအညီ ဒေါ်လာ ဘီလီယံချီပြီး ပေးခဲ့သည့် အပေါ် ဂျပန်အတွက် သင်ခန်းစာ ယူစရာလည်း ဖြစ်သည်။ ဂျပန်နိုင်ငံ၏ နိုင်ငံရပ်ခြား ဖွံ့ဖြိုးမှု အထောက်အပံ့များသည် နေပြည်တော် စစ်ယန္တယားကို ဖြည့်စွက်ပေးနေရုံသာမက ပဋိပက္ခ နယ်မြေများသို့ စစ်အုပ်စု တပ်ဖွဲ့များ အလျင်အမြန် နေရာချထားနိုင်စေသည့် အရှေ့အနောက် စီးပွားရေး စင်္ကြံ (EWEC) ကဲ့သို့ ဗျူဟာမြောက် အခြေခံ အဆောက်အဦ စီမံကိန်းများကိုလည်း ထောက်ပံ့ခဲ့သည်။

နိုင်ငံအနှံ့ စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များ နိုင်ငံတစ်လွှား ဖြစ်ပွားနေချိန်တွင် KPSN အနေဖြင့် စစ်အုပ်စုအပေါ် ပိုမို အားကောင်းသည့် စီးပွားရေးနှင့် သံတမန်ရေး ဖိအားများ တိုးမြှင့်ရန်နှင့် ဂျပန်နိုင်ငံအား EWEC တစ်လျှောက် တံတားများဆောက်လုပ်ခြင်း အပါအဝင် လက်ရှိလုပ်ဆောင်နေသည့် ODA စီမံကိန်းများ ကို ရပ်ဆိုင်းရန် တိုက်တွန်းသည်။ KPSN မှ IDP များအား နယ်စပ်ဖြတ်ကျော် သည့် လူသားချင်း စာနာမှု အကူအညီများ တိုးမြင့်ပေးအပ်ရန်လည်း နိုင်ငံခြား အလှူရှင်များအား တောင်းဆိုသည်။


KPSN

### KPSN အကြောင်း

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) သည် မြန်မာနိုင်ငံအတွင်း ကရင်လူထုအခြေပြုအဖွဲ့အစည်းများပါဝင်သော အကြီးမားဆုံးသော ကွန်ရက်တစ်ခုဖြစ်သည်။ KPSN အဖွဲ့ဝင်များသည် လုံခြုံမှုကင်းမဲ့သော ပဋိပက္ခသက်ရောက်မှုခံရသော ကရင်လူမှုအသိုင်းအဝန်းများ၊ ပြည်တွင်းနေရပ်စွန့်ခွါထွက်ပြေးတိမ်းရှောင် နေရသူများနှင့်ဒုက္ခသည်များအတွက် ဆယ်စုနှစ်ပေါင်းများစွာ လူသားချင်းစာနာမှု အထောက်အပံ့များ ကူညီပံ့ပိုးပေးလာခဲ့သည်။ KPSN သည် ဒေသခံကရင်တိုင်းရင်းသားလူမှု အသိုင်းအဝန်းများကိုလုပ်ပိုင်ခွင့်များမြှင့်တင်ပေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းအသိပညာပေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်းနှင့် မြန်မာနိုင်ငံ ကရင်တိုင်းရင်းသားဒေသများအတွင်း ရေရှည်တည်တန့်မည့်၊ တန်းတူညီမျှသောငြိမ်းချမ်းရေးရရှိရေး စည်းရုံးလှုံ့ဆော်ခြင်းများဆောင်ရွက်သည်။

ဇူလိုင်၊ ၂၀၂၂

# အာဏာသိမ်းပြီးနောက်ဒူးပလာယာ ခရိုင်တွင် ပြန်လည်ပေါက်ကွဲလား သည့် ပဋိပက္ခ

KNU ၏ ၂၀၁၂ ခုနှစ် အပြန်အလှန် အပစ်အခတ်ရပ်စဲရေး ပြီးနောက် ဆယ်နှစ်နီးပါး ကြာမြင့်လာသည့်အခါ ဒူးပလာယာတွင် လက်နက်ကိုင် ပဋိပက္ခ အနည်းငယ်သာ ရှိခဲ့သည်။ သို့ရာတွင် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း လများတွင် စစ်အာဏာသိမ်းဆန့်ကျင်ရေး ဆန္ဒပြသူများ အပေါ် နှိမ်နင်းမှုများပြုလုပ်လာခဲ့ရာ စစ်အုပ်စု ဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူများခိုလှုံနေသည့် KNU တပ်မဟာ ၆ နယ်မြေအတွင်း KNU တပ်ဖွဲ့များနှင့် စစ်ကောင်စီ တပ်ဖွဲ့များအကြား တင်းမာမှုစတင်လာခဲ့သည်။ စစ်ကောင်စီ တပ်ဖွဲ့များက လမ်းများတစ်လျှောက် စစ်ဆေးရေး ဂိတ်အသစ်များ ဖွင့်လှစ်လာခဲ့ပြီး ကျေးရွာများကိုလည်း ရှောင်တခင် ဝင်ရောက် စစ်ဆေးမှုများ ရှိလာခဲ့သည်။ စက်တင်ဘာလတွင် စစ်ကောင်စီက ကော့ကရိတ် တောင်ပိုင်း KNU နယ်မြေအတွင်း လက်နက်ကိုင် ကင်းတပ်ဖွဲ့များကို အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များအား ဆန့်ကျင်လျက် စေလွှတ်ခဲ့သည်။ စက်တင်ဘာလ ၃၀ ရက်နေ့တွင် KNU တပ်ဖွဲ့များက ခုခံခဲ့ပြီး တိုက်ပွဲများမှာ ကျေးရွာ ၆ ရွာသို့ ပြန့်နှံ့သွားခဲ့ကာ ထောင်နှင့်ချီသော လူများ အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသည်။






စစ်ကောင်စီ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် မြို့ဟောင်းရွာသူ (ဇန်နဝါရီ ၈ ရက်၊ ၂၀၂၂)



စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် သေ့ဘောဘိုးရွာသား (ဇူလိုင် ၁၊ ၂၀၂၂)





တစ်ချိန်တည်းမှာပင် KNU တပ်ဖွဲ့များက သံဖြူဇရပ်မှ ဘုရားသုံးဆူသို့ သွားရာ လမ်းကြောင်းတစ်လျှောက် စစ်ကောင်စီတပ်မှ စစ်ကူများ စေလွှတ်လာမှုများကို ပိတ်ဆို့ရန် နည်းလမ်းရှာဖွေခဲ့ပြီး အောက်တိုဘာ ၁၁ ရက်နေ့တွင် စစ်ကောင်စီက သံဖြူဇရပ်မှ အရှေ့တောင်ဘက် ကီလိုမီတာ ၂၀ ရှိ KNU ၏ လူရှား စစ်ဆေးရေး ဂိတ်ကို သိမ်းပိုက်ခဲ့သည်။ ထိုနယ်မြေအတွင်းရှိ ကျေးရွာလေးရွာမှ လူများမှာလည်း အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသည်။

## လေးကေ့ကော် "ငြိမ်းချမ်းရေးမြို့"တွင် တိုက်ပွဲများ စတင်ခဲ့ခြင်းနှင့် ထိုင်းနယ်စပ်တစ်လျှောက် တောင်ဘက်သို့ ပျံ့နှံ့သွားခြင်း

KNU အပစ်အခတ်ရပ်စဲပြီးနောက်တွင် နေရပ်ပြန်သော ဒုက္ခသည်များ အတွက် ဂျပန် ရံပုံငွေဖြင့် တည်ဆောက်ခဲ့သည့် မြဝတီမြို့ တောင်ဘက် လေးကေ့ကော် "ငြိမ်းချမ်းရေးမြို့" သည်စစ်အုပ်စု ဆန့်ကျင်သော တက်ကြွလှုပ်ရှားသူများကို ဝှက်ထားသည့် နေရာများ အနက်မှ တစ်နေရာဖြစ်သည် ဟု စစ်ကောင်စီက  သံသယရှိခဲ့သည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ကုန်တွင် ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီက ဒူးပလာယာ ခရိုင်အတွင်း ချထားသော စစ်ကောင်စီ၏ တနင်္သာရီ အခြေစိုက် စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် စကခ-၁၃ လက်အောက်ခံ ခြေမြန်တပ်ရင်း ၅၆၀ တပ်ဖွဲ့များက လေးကေ့ကော်

တွင် တစ်အိမ်တက်ဆင်း ရှာဖွေမှုများကို ပြုလုပ်ခဲ့သော်လည်း အစပိုင်းတွင် ဖမ်းဆီးမှုများ မရှိခဲ့ပေ။

သို့ရာတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင်စကခ-၁၃ တပ်မှူး ဗိုလ်မှူးချုပ် မြင့်ထွန်းနိုင်က လေးကေ့ကော်တောင်ဘက် လက်နက်ကြီး တပ်စခန်းသို့ ရောက်ရှိလာခဲ့ပြီး ဒီဇင်ဘာ ၁၄ တွင် တပ်ဖွဲ့ဝင် ၁၅၀ ကို ဦးဆောင်ကာ လေးကေ့ကော်ကို ဝင်ရောက်လာကာ အိမ်များအတွင်းသို့ အတင်းအဓမ္မ ဝင်ရောက်ပြီး တက်ကြွလှုပ်ရှားသူဟု သံသယ ရှိသူများကို ဖမ်းဆီးခဲ့သည်။ ဒီဇင်ဘာ ၁၅ ရက်နေ့၊ နံနက် ၁၀ နာရီတွင်တပ်ဖွဲ့များ ပြန်လည်ရောက်ရှိလာပြီး နောက်ထပ် တက်ကြွလှုပ်ရှားသူဟု သံသယ ရှိသူများကို ရိုက်နှက် ဖမ်းဆီးခဲ့သည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ လွှတ်တော် အမတ်ဟောင်း ၂ ဦး အပါအဝင် စုစုပေါင်း အမျိုးသား ၂၂ ဦး ဖမ်းဆီးခံရပြီး ကြိုးဖြင့် ချည်ကာ စစ်ကြောမေးမြန်းရန်အတွက် မြဝတီသို့ ခေါ်ဆောင်သွားခဲ့သည်။ အဖမ်းခံရသူများ၏ ကံကြမ္မာကိုလည်း မသိရသေးပေ။

ဒေသခံ KNU အရာရှိများက ဖမ်းဆီးမှုများကို ချက်ချင်း ကန့်ကွက်ခဲ့ကြသော်လည်း စစ်ကောင်စီ တပ်ဖွဲ့များက လျစ်လျူရှုခဲ့ပြီး လေးကေ့ကော် တစ်လျှောက် ဆက်လက်ရှာဖွေခြင်းဖြင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် KNLA ကို စတင်ပစ်ခတ်မှု ဖြစ်စေခဲ့သည်။ စစ်ကောင်စီ တပ်မှ အနီးရှိလက်နက်ကြီးကုန်းမှ အမြောက်များနှင့် ဦးတည်ရာမဲ့ ပစ်ခတ်ပြီး ပြင်းထန်သော တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး မြို့နေ ပြည်သူလူထုမှာ ကြောက်ရွံ့ပြီး ထွက်ပြေးကြရသည်။

နောက်ရက်သတ္တပတ်အတန်ကြာအထိ ထိုင်းနယ်စပ်တစ်လျှောက် အရှေ့ဘက်နှင့် တောင်ဘက်သို့ စစ်ကောင်စီနှင့် ကရင် တော်လှန်ရေး တပ်ဖွဲ့များ၏ တိုက်ပွဲများ ပြန့်နှံ့သွားခဲ့ပြီး နောက်ထပ် ထောင်နှင့် ချီသော ရွာသားများကို အိုးအိမ်မဲ့ ဖြစ်စေခဲ့သည်။ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် KNLA တပ်များ ထွက်ခွာသွားစေရန် စစ်ကောင်စီက လေးကေ့ကော်ကို လေကြောင်း တိုက်ခိုက်မှု စတင်လုပ်ဆောင်ခဲ့သည်။

၂၀၂၂ ခုနှစ် အစောပိုင်းတွင် တောင်ပိုင်းသို့ တိုက်ပွဲများ ပြန့်နှံ့သွားခဲ့သည်။ မတ်လ ၂၁ ရက်နေ့တွင် KNLA တပ်ဖွဲ့များက လေးကေ့ကော် တောင်ဘက် ကီလိုမီတာ ၅၀ အကွာရှိ စစ်ကောင်စီ၏ မော်ခီး စခန်းကို ယာယီ သိမ်းပိုက်ခဲ့ပြီး မြဝတီမှ စစ်ကူလာသော တပ်ဖွဲ့များကို အောင်မြင်စွာ ကြားဖြတ် တိုက်ခိုက်နိုင်ခဲ့ရာ နောက်ထပ် လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့သည်။

စစ်ကောင်စီ၏ လေယာဉ်နှင့် ရဟတ်ယာဉ်များဖြင့် အကြိမ်ကြိမ် လေကြောင်း တိုက်ခိုက်မှုများကြားမှပင် ၂၀၂၂ ခုနှစ် မေလ ၁၈ ရက်တွင် ထိုင်းနယ်စပ်ရှိ လေးကေ့ကော်တောင်ဘက် ကီလိုမီတာ ၃၀ အကွာရှိသော သေဘော့ဘိုး စခန်းကို KNLA တပ်များက သိမ်းပိုက်နိုင်ခဲ့သည်။





*တိုက်ပွဲမဖြစ်ပွားခင်က လေးကေ့ကော်တွင် စစ်ကောင်စီတပ်သားများမှ တစ်အိမ်ဝင်တစ်အိမ်ထွက်ရှာဖွေမှု များပြုလုပ်ခြင်း*

## တိုက်ပွဲများ ဒေါနတောင်တန်း အနောက်ခြမ်းသို့ ကူးစက်သွားခြင်း

လေးကေ့ကော်တွင် တိုက်ပွဲ စတင်ဖြစ်ပွားပြီး တစ်ရက်အကြာ ဒီဇင်ဘာ ၁၆ ရက်နေ့တွင်  KNU ၏ သတိပေးချက်များကို လျစ်လျူရှုလျက် စစ်ကောင်စီ တပ်ဖွဲ့များက ကော့ကရိတ် မြို့အနီး အာရှလမ်းကြီးတောင်ဘက် KNU နယ်မြေအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ KNU နယ်မြေအတွင်း စစ်ကောင်စီတပ်များ မီတာ ၁၀၀ ကျော် ဝင်ရောက်လာပြီးနောက် KNLA တပ်ဖွဲ့များက စတင်ပစ်ခတ်ခဲ့ပြီး တိုက်ပွဲ စတင်ခဲ့သည်။ စစ်ကောင်စီ တပ်များ ပတ်ဝန်းကျင် ကျေးရွာများကို လက်နက်ကြီးများဖြင့် ဦးတည်ချက်မဲ့ ရမ်းသန်း ပစ်ခတ်ခဲ့ကြသည်။

ထိုအချိန်မှစ၍ စစ်ကောင်စီတပ်များက ပြန်လည်ဆုတ်ခွာရန် ငြင်းဆန်ခဲ့ပြီး တောင်ပိုင်းကို ပိုမို တိုးချဲ့လာခဲ့ကာ ဒါဇင်နှင့် ချီသော ကျေးရွာများကို ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြင့် ထောင်နဲ့ချီသော ဌာနေ အရပ်သားများကို သူတို့၏ အိုးအိမ်များ စွန့်ခွာထွက်ပြေးရစေခဲ့သည်။ KNLA က ခုခံမှု ရှိသော နေရာများတွင် စစ်ကောင်စီက လက်နက်ကြီးများ ပစ်ပြီး လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြသည်။

စစ်ကောင်စီ တပ်ဖွဲ့များက ရွာသားများ၏ ပိုင်ဆိုင်မှုများကို လုယက် ဖျက်ဆီးခဲ့ကြသည်၊ အိမ်များ မီးရှို့ခဲ့ကြပြီး ရွာသားများကို ပေါ်တာ အထမ်းသမားနှင့် လူသားဒိုင်းအဖြစ် အတင်းအဓမ္မ စေခိုင်းခဲ့ကြသည်။ မတ်လ ၂၀ ရက်နေ့တွင် သူတို့က ကော့ကရိတ်မြို့ တောင်ဘက် ၁၀ ကီလို မီတာ အကွာရှိ KNU ၏ ဒေါန ဆေးရုံကို စီးနင်းခဲ့ပြီး ပြန်မဆုတ်မီတွင် ပစ္စည်းများ လုယက်ခဲ့ကြသည်။ ဒေသခံ ကျန်းမာရေး လုပ်သားများမှာ ပြန်မသွားရဲကြသေးပေ။



*ဒူးပလာယာခရိုင်၊ မြဝတီတောင်ပိုင်း၊ သေ့ဘောဘိုးရွာ မြစ်ကမ်းဘေးမှ အိုးအိမ်စွန့်ခွာခဲ့ရသူများ နေထိုင်သည့်နေရာ (ဇန်နဝါရီ ၂၀၂၂)*

## လေကြောင်းဖြင့် အကြိမ်ကြိမ်တိုက်ခိုက်မှုများ

ဒေါနတောင် နှစ်ဘက်ခြမ်းလုံးအား စစ်ကောင်စီက ထိုင်းနယ်စပ်နှင့် ကပ်လျက် အပါအဝင် အကြိမ်ကြိမ် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးအိမ်များ၊ ကျောင်းများ၊ နှင့် ဘာသာရေး အဆောက်အဦးများကို ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးစေခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုများကို ရန်ကုန်မြောက်ဘက်ရှိ မှော်ဘီ လေတပ် အခြေစိုက်စခန်းမှ ဂျက်တိုက်လေယာဉ်များနှင့် မော်လမြိုင်နှင့် ဖားအံလေတပ်များမှ တိုက်ခိုက်ရေး ရဟတ်ယာဉ်များဖြင့် ပြုလုပ်ခဲ့ကြသည်။

**ဒီဇင်ဘာ ၂၀၂၁ - မေ ၂၀၂၂ ဒူးပလာယာ ခရိုင်အတွင်း စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုများ**

| စဉ်။ | ရက်စွဲ | တိုက်ခိုက်သည့် နေရာ | အချိန် | လေယာဉ် အမျိုးအစား | လေယာဉ် အရေ အတွက် | တိုက်ခိုက်သည့် အကြိမ်ရေ |
|---|---|---|---|---|---|---|
| ၁။ | ၂၃-၁၂-၂၁ | လေးကေ့ကော် | ညနေ ၁၀း၃၀ | ဂျက်တိုက် လေယာဉ် | ၂ | ၁ |
| ၂။ | ၂၄-၁၂-၂၁ | လေးကေ့ကော် | ညနေ ၃ နာရီ | ဂျက်တိုက် လေယာဉ် | ၂ | ၁ |
| ၃။ | ၂၅-၁၂-၂၁ | ထီးမယ့်ဝါးခီး | မွန်းလွဲ ၁ နာရီ | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၂ | ၁ |
| ၄။ | ၂၆-၁၂-၂၁ | KNU- ကော့ကရိတ် အနီး အာရှလမ်းမကြီး ပေါ်ရှိ မွေးမြူရေး နယ်မြေ | ည ၁၂ နာရီ | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၁ | ၁ |
| ၅။ | ၁၀-၁-၂၂ | ရွာသစ် (ကော့ကရိတ်) | နံနက် ၁၀း၄၅ နာရီ | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၂ | ၁ |
| ၆။ | ၁၄-၁-၂၂ | ဖလူးလေး | မွန်းလွဲ ၂ နာရီ | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၂ | ၁ |
| ၇။ | ၁၄-၁-၂၂ | ရွာသစ် (ကော့ကရိတ်) | | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၁ | ၁ |
| ၈။ | ၁၆-၂-၂၂ | ဖလူးလေး | နံနက် ၁၁ နာရီ | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၂ | ၁ |
| ၉။ | ၉-၃-၂၂ | လေးကေ့ကော် | နံနက် ၁၀ နာရီ | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၃ | ၁ |
| ၁၀။ | ၂၅-၃-၂၂ | ထီးခပလဲ | နံနက် ၁၀ နာရီ | ဂျက်တိုက် လေယာဉ် | ၁ | ၄ |
| ၁၁။ | ၂၆-၃-၂၂ | ထီးခပလဲ | နံနက် ၂ နာရီ | ဂျက်တိုက် လေယာဉ် | ၁ | ၁ |
| ၁၂။ | ၂၇-၃-၂၂ | လေးကေ့ကော်, ဘလားဒို | နံနက် ၂ နာရီ | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၂ | ၁ |
| ၁၃။ | ၃-၄-၂၂ | ကျိုက် | မွန်းလွဲ ၃ နာရီ | တိုက်ခိုက်ရေး ရဟတ်ယာဉ်<br>ဂျက်တိုက် လေယာဉ် | ၂<br>၁ | ၁ |
| ၁၄။ | ၄-၄-၂၂ | ကျိုက် | ည ၉ နာရီ | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၂ | ၁ |
| ၁၅။ | ၁၀-၄-၂၂ | လေးကေ့ကော် | မနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီ | ဂျက်တိုက် လေယာဉ် | ၂ | ၁၆ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၆။ | ၁၁-၄-၂၂ | လေးကေ့ကော် | နံနက် ၁ နာရီ | ဂျက်တိုက် လေယာဉ် | ၂ | ၁ |
| ၁၇။ | ၁၂-၄-၂၂ | နို့ပိုး၊ ထီးမူထ | ည ၁၁ နာရီ | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၁ | ၁ |
| ၁၈။ | ၁၉-၄-၂၂ | လေးကေ့ကော် | မွန်းတည့် ၁၂ နာရီ | ဂျက်တိုက် လေယာဉ် | ၁ | ၁ |
| ၁၉။ | ၂၁-၄-၂၂ | ထီးထာဘလူခီး | ညနေ ၅ နာရီ | ဂျက်တိုက် လေယာဉ် | ၁ | ၁ |
| ၂၀။ | ၂၁-၄-၂၂ | ကွီးလာတာ | ညနေ ၅ နာရီ | ဂျက်တိုက် လေယာဉ် | ၂ | ၁ |
| ၂၁။ | ၁၈-၅-၂၂ | သေဘော့ဘိုး | မွန်းလွဲ ၁၂း၂၀ နာရီ | ဂျက်တိုက် လေယာဉ် / တိုက်ခိုက်ရေး ရဟတ်ယာဉ် | ၄ ၂ | ၃၈ |
| ၂၂။ | ၂၇-၆-၂၂ | ဥကရိုထ | ၄ နာရီ | ဂျက်တိုက် လေယာဉ် | ၄ | ၈ |
| ၂၃။ | ၂၈-၆-၂၂ | ဥကရိုထ | | ဂျက်တိုက် လေယာဉ် | ၅ | ၁၅ |
| ၂၄။ | ၂၉-၆-၂၂ | ဥကရိုထ | | ဂျက်တိုက် လေယာဉ် | ၈ | ၄၉ |
| ၂၅။ | ၃၀-၆-၂၂ | သေဘော့ဘိုး | ၁၂ နာရီ | ဂျက်တိုက် လေယာဉ် | ၈ | ၂၂ |
| ၂၆။ | ၁-၇-၂၂ | သေဘော့ဘိုး ဥကရိုထ | ၇ နာရီ | ဂျက်တိုက် လေယာဉ် | ၃ | ၃၁ |
| ၂၇။ | ၂-၇-၂၂ | လေးဌွေ | ၁ နာရီ ခွဲ | ဂျက်တိုက် လေယာဉ် | ၁ | ၁ |
| ၂၈။ | ၃-၇-၂၂ | လေးကေ့ကော် ဘလားဒို | ည | ဂျက်တိုက် လေယာဉ် | ၁ | ၁ |

## ဦးတည်ရာမဲ့ ရမ်းသန်း ပစ်ခတ်သည့် စစ်ကောင်စီ လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများမှ အရပ်သား ထိခိုက်မှုများ

စစ်ကောင်စီ တပ်ဖွဲ့များက ဒေါနတောင်တန်း အရှေ့ခြမ်းနှင့် အနောက်ခြမ်းနှစ်ဘက်စလုံးကို လက်နက်ကြီးများဖြင့် အဆက်မပြတ် ရမ်းသန်း ပစ်ခတ်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာမှ ၂၀၂၂ မေလအတွင်း ဒူးပလာယာ ခရိုင်အတွင်း စစ်ကောင်စီ တပ်၏ လက်နက်ကြီး ပစ်ခတ်မှု သို့မဟုတ် လေကြောင်း တိုက်ခိုက်မှုကြောင့် အမျိုးသမီးနှင့် ကလေးများ အပါအဝင် စုစုပေါင်း ရွာသား ၈ ဦး သေဆုံးခဲ့ပြီး ၆၃ ဦး ဒဏ်ရာရရှိခဲ့ကြသည်။

| စစ်ကောင်စီ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ၂၀၂၁ ဒီဇင်ဘာမှ ၂၀၂၂ မေလ အတွင်း အရပ်သား ထိခိုက်သေဆုံးမှု | | | | |
|---|---|---|---|---|
| ရက်စွဲ | နေရာ | တိုက်ခိုက်မှု အမျိုး အစား | အရပ်သား ထိခိုက် သေဆုံးမှု | |
| | | | သေဆုံး | ဒဏ်ရာရ |
| ၂၃-၁၂-၂၂ | သေဘော့ဘိုး | လက်နက်ကြီး | | ၂ |
| ၂၄-၁၂-၂၂ | လေးကေ့ကော် | လက်နက်ကြီး | | ၃ |
| ၂၅-၁၂-၂၂ | လေးကေ့ကော် | လက်နက်ကြီး | | ၃ |
| ၂၇-၁၂-၂၂ | လေးကေ့ကော် | လက်နက်ကြီး | | ၁ |
| ၃၀-၁၂-၂၂ | လေးကေ့ကော် | လက်နက်ကြီး | | ၄ |
| ၃၁-၁၂-၂၂ | လေးကေ့ကော် | လက်နက်ကြီး | | ၁ |
| ၁-၁-၂၂ | လေးကေ့ကော် | လက်နက်ကြီး | | ၁ |
| ၃-၁-၂၂ | ဖလူးကြီး | လက်နက်ကြီး | ၁ | |
| ၈-၁-၂၂ | မြို့ဟောင်း | လက်နက်ကြီး | | ၇ |
| ၁၀-၁-၂၂ | ရွာသစ် | လက်နက်ကြီး လေကြောင်း တိုက်ခိုက်မှု | ၁ | ၁၂ |
| ၅-၂-၂၂ | ရွာကလေး (နို့ပိုး) | လက်နက်ကြီး | | ၃ |
| ၁၆-၂-၂၂ | လေးကေ့ကော် ဧရိယာ(ဖလူးလေး) | လေကြောင်း တိုက်ခိုက်မှု | | ၁ |
| ၁၈-၂-၂၂ | မောင်းမရွာသစ် (တစ်မိုင်ကုန်း) | လက်နက်ကြီး | ၁ | ၁ |
| ၂၃-၃-၂၂ | တောင်ကြာအင်း | လက်နက်ကြီး | | ၄ |

| | | | | |
|---|---|---|---|---|
| ၂၄-၃-၂၂ | ထီးမူထ | လက်နက်ကြီး | ၁ | ၄ |
| ၃/၄-၄-၂၂ | ကျိုက် | လေကြောင်း တိုက်ခိုက်မှု | | ၂ |
| ၁၂-၄-၂၂ | ထီးမူထ | လက်နက်ကြီး | | ၄ |
| ၂၃-၄-၂၂ | တိကူဟဲ | လက်နက်ကြီး | ၂ | ၁ |
| ၁-၇-၂၂ | သေဘော့ဘိုး | လေကြောင်း တိုက်ခိုက်မှု | ၂ | ၅ |
| ၂-၇-၂၂ | လေးဝွေ | လေကြောင်း တိုက်ခိုက်မှု | | ၄ |
| | **စုစုပေါင်း အရပ်သား သေဆုံး ဒဏ်ရာရမှု** | | **၈ ဦးသေ** | **၆၃ ဦး ဒဏ်ရာရ** |

## စစ်ကောင်စီ တပ်များ ဆက်လက် အင်အား ဖြည့်တင်းနေမှု

တိုက်ပွဲများအတွင်း စစ်ကောင်စီသည် ထောင်နှင့်ချီသော တပ်ဖွဲ့ဝင်များကို လှုပ်ရှား အသုံးပြုခဲ့သည်။ ဒူးပလာယာတွင် အခြေပြုထားသော ခြေလျင်တပ်ရင်း ၁၅ ရင်းနှင့် အမြောက်တပ်ရင်း ၂ ရင်းအပြင် တနင်္သာရီ အခြေစိုက် စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် ၁၃၊ ဖားအံ အခြေစိုက် တပ်မ ၂၂ နှင့် သထုံ အခြေစိုက် တပ်မ ၄၄ တို့မှ ဒါဇင်နှင့် ချီသော တပ်ရင်းများ သာမက ဒေသအခြေစိုက်နှင့် သထုံနှင့် မုတ္တြော အခြေစိုက် နယ်ခြားစောင့် တပ် BGF များပါ ပါဝင်သည်။

မတ်လ ၇ ရက်နေ့တွင် KNU ဒူးပလာယာ ခရိုင် အတွင်းရေးမှူး စောလစ္စတန်က မော်လမြိုင်ရှိ စစ်ကောင်စီ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးထံ တပ်များကို KNU ထိန်းချုပ်နယ်မြေမှ ၃ ရက်အတွင်း ဆုတ်ခွာ၍ သူတို့၏ အခြေစိုက်ဒေသများသို့ ပြန်သွားကြရန် တရားဝင် စာရေးသား ပေးပို့ခဲ့သည်။ သို့ရာတွင် တုန့်ပြန်မှု မရှိခဲ့ပဲ စစ်ကောင်စီက စစ်ကူများပို့မို ဖြည့်တင်းလာခဲ့သည်။

## ရောမ အိုးအိမ် စွန့်ခွာမှုများ

| ဒူးပလာယာခရိုင်တွင် စုစုပေါင်း စစ်ရှောင် အရေအတွက် (၂၀၂၂ ဇွန်လ) | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | မြို့နယ် | ကျေးရွာ အုပ်စု | ကျေးရွာ | အိမ်ထောင်စု | လိင် | | စုစုပေါင်း |
| | | | | | ကျား | မ | |
| ၁။ | ကော့ကရိတ် (ဒေါန တောင်ကြော အနောက်ခြမ်း) | ၁၁ | ၄၈ | ၅,၅၅၉ | ၁၄,၄၇၁ | ၁၄,၆၉၇ | ၂၉,၁၆၈ |
| ၂။ | ကော့ကရိတ် (ဒေါန တောင်ကြော အရှေ့ခြမ်း) | ၄ | ၄၂ | ၆,၈၅၃ | ၁၈,၂၆၉ | ၁၇,၂၄၄ | ၃၅,၂၁၅ |
| ၃။ | ကြာအင်းဆိပ်ကြီး | ၂ | ၁၂ | ၆၈၅ | ၁,၇၃၃ | ၁,၇၂၄ | ၃, ၄၅၇ |
| ၄။ | ဝင်းရေး | ၃ | ၁၁ | ၃,၀၉၇ | ၇,၇၁၂ | ၇,၈၀၈ | ၁၅,၅၂၀ |
| ၅။ | ကျုံဒိုး | ၁ | ၃ | ၇၇၅ | ၁,၇၂၄ | ၁,၇၇၄ | ၃,၄၉၈ |
| | **စုစုပေါင်း** | **၂၁** | **၁၁၆** | **၁၆,၉၆၉** | **၄၃,၆၁၁** | **၄၃,၂၄၇** | **၈၆,၈၅၈** |



*ဒူးပလာယာခရိုင်၊ မြဝတီတောင်ပိုင်း၊ ဝေါ်လေဒေသမှ တိုက်ပွဲကြောင့် နေရပ်စွန့်ခွာရသော ဥကရစ်ထရွာသူရွာ သားများ (ဇွန် ၂၆၊ ၂၀၂၂)*



*ဗမာစစ်တပ်လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် နေရပ်မှထွက်ပြေးခဲ့ရသည့် ကော့ကရိတ်မြို့နယ် လူထုများ (ဇန်နဝါရီ ၈၊ ၂၀၂၂)*

ဒူးပလာယာခရိုင်တွင် အိုးအိမ်စွန့်ခွာ ထွက်ပြေးမှုကို ပုံစံ နှစ်မျိုးတွေ့ရသည်။ ဒေါနတောင်တန်း အရှေ့ဘက်ခြမ်း- ရွာသားများ ထိုင်းနယ်စပ်သို့ ထွက်ပြေးခဲ့ကြပြီး အချို့မှာ ထိုင်းနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့ကြပြီး အများစုမှာ ကရင်ပြည်နယ်အတွင်း ဖြစ်သလို လုပ်ထားသော စစ်ရှောင်စခန်းများတွင် စုစည်းနေထိုင်ကြသည်။ ဒေါန တောင်တန်း အနောက်ဘက်ခြမ်း - စစ်ရှောင်အများစုမှာ အနီးဝန်းကျင် ကျေးရွာများသို့ ခိုလှုံနေထိုင်ရန် ထွက်ပြေးခဲ့ကြပြီး စခန်းများ တည်ထောင်ထားခြင်း မရှိပေ။

### *ဒေါနတောင်တန်း အရှေ့ခြမ်း။ ထိုင်းနယ်စပ်သို့ အိုးအိမ်စွန့်ခွာ ထွက်ပြေးခြင်း။*

ဒီဇင်ဘာ ၁၅ ရက် လေးကေ့ကော်တွင် တိုက်ပွဲ ဖြစ်ပွားသည်နှင့် လေးကေ့ကော်နှင့် အနီးနားကျေးရွာများတွင် နေထိုင်ကြသော ထောင်နှင့်ချီသောလူများမှာ ထိုင်းနယ်စပ်သို့ စတင်ထွက်ပြေးခဲ့သည်။ ဒီဇင်ဘာ လကုန်သော အခါ ရွာပေါင်း ၁၂ ရွာမှ လူပေါင်း ၁၅,၀၀၀ ခန့်သည် သူတို့၏ အိုးအိမ်များကို စွန့်ခွာ ထွက်ပြေးခဲ့ပြီး ၎င်းတို့အနက် ၇,၀၀၀ ခန့်မှာ သောင်ရင်းမြစ်ကို ဖြတ်လျက် ထိုင်းနိုင်ငံတွင် ခိုလှုံရန် ရှာဖွေခဲ့ကြသည်။

ထိုင်းအာဏာပိုင်များက အစဦးတွင် ဖြတ်ကျော်ဝင်ရောက်မှုကို မတားဆီးခဲ့သော်လည်း သူတို့ကို နယ်စပ်အနီး ကန့်သတ်နယ်မြေတွင်သာ နေထိုင်စေခဲ့သည်။ အကူအညီပေးရေး အဖွဲ့အစည်းများကိုမူ မြစ်ကမ်းတစ်လျှောက် အများစု ရှိနေသော ဒုက္ခသည်များနှင့် တိုက်ရိုက် ထိတွေ့ခွင့်ကို တားမြစ်ထားပြီး အကူအညီများကို ထိုင်းအာဏာပိုင်များမှ တဆင့်သာ ပေးအပ်စေခဲ့သည်။

မဲဆောက်မြို့တောင်ဘက် ၁၅ ကီလိုမီတာခန့်အကွာ သောင်ရင်းမြစ်၏ အရှေ့ဘက်ရှိ ကြီးမားသော နွားခြံကြီးတစ်ခုတွင် ဒုက္ခသည် ၃,၀၀၀ ကျော် ခိုလှုံနေခဲ့ကြသော်လည်း အခြေအနေများမှာ လူထူထပ်ခြင်း၊ ဆေးကြောသန့်စင်မှုနှင့် ရေအိမ်သုံးစွဲရန် အသုံးအဆောင်များ မလုံမလောက်ရှိစေခဲ့သည်။

ဒီဇင်ဘာလ လကုန်ပိုင်းတွင် တိုက်ပွဲ အနည်းငယ် ငြိမ်သွားသဖြင့် အချို့သော ဒုက္ခသည်များက နယ်စပ်ကို ဖြတ်ကျော်၍ မိမိတို့အိမ်များကို ပြန်လာ စစ်ဆေးခဲ့ကြသည်။ သို့သော် ထိုသူများကို ထိုင်းအာဏာပိုင်များက ထိုင်းဘက်ကမ်းသို့ ပြန်လာခွင့်မပြုခဲ့ပေ။ ထိုင်းဘက်ကမ်းတွင် ကျန်ရှိသူများကိုမူ တိုက်ပွဲ သံ မကြားရတော့ သဖြင့် မြန်မာနိုင်ငံဘက်သို့ ပြန်ရွှေ့ပြောင်းသင့်ပြီဟု အကြောင်းကြားသည်။ အဖြစ်သဘောသာ ဆောက်လုပ်ထားသည့် ထိုင်းဘက်ကမ်းရှိ စခန်းများမှာ တဖြည်းဖြည်း ပြိုပျက်လာကာ ဖေဖော်ဝါရီလ လယ်ပိုင်းတွင် ဒုက္ခသည်အားလုံး ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

မတ်လနှင့် ဧပြီလများတွင် တိုက်ပွဲများမှာ တောင်ပိုင်းသို့ ပျံ့နှံ့လာသဖြင့် ပြည်သူလူထုများ ပိုမိုပြီး ထွက်ပြေး ရွှေ့ပြောင်းကြရပြီး ထိုင်းနယ်စပ် တစ်လျှောက် စစ်ရှောင်စခန်းသစ်များ တည်ဆောက်လာကြရသည်။ မေလကုန်သို့ ရောက်သော အခါ နယ်စပ်ရှိ အဓိက နေရာ ၈ နေရာတွင် စစ်ရှောင်ဒုက္ခသည် ၁၁,၀၀၀ ကျော် ခိုလှုံနေကြသည်။

### *ဒေါနတောင်တန်း အနောက်ခြမ်း။ အနီးပါတ်ဝန်းကျင် ကျေးရွာများသို့ အိုးအိမ်စွန့်ခွာ ထွက်ပြေးခြင်း။*

ဒေါနတောင်တန်း အနောက်ခြမ်းသည် အဓိက ရွှေ့ပြောင်းရသည့် ဧရိယာ ဖြစ်ပြီး ကော့ကရိတ်မြို့၏ တောင်ဘက်တွင် တည်ရှိကာ ရွာပေါင်း ၄၈ ရွာမှ အိုးအိမ်များ စွန့်ခွာထွက်ပြေးလာသည့် ဒေသခံ ၂၉,၀၀၀ ကျော် ခိုလှုံနေထိုင်သည်။ အများစုမှ ပဋိပက္ခ တိုက်ရိုက် ဖြစ်ပွားနေသည့် နယ်မြေ အပြင်ဘက်ရှိ အခြားသော ကျေးရွာများတွင် ခိုလှုံစရာ ရှာဖွေရင်းဖြင့် ရောက်ရှိလာကြခြင်း ဖြစ်သည်။ ထိုသူတို့သည် အခြားသော လူထုများနှင့် အတူ နေထိုင်ပြီး သီးခြား စခန်းများ တည်ထောင်ထားခြင်း မရှိပါ။

## လူသားချင်းစာနာမှု အကူအညီ အရေးပေါ် လိုအပ်မှု

စစ်ကောင်စီတပ်များက ထိုသူတို့ရွာများ၏ပတ်ဝန်းကျင်တွင် စစ်ဆင်ရေးများ ဆက်လက် လုပ်ဆောင်သောနေရာ ဧရိယာအားလုံးရှိ ဒုက္ခသည်များမှာ အိမ်သို့ မပြန်ရဲကြပဲ ရှိသည်။ ဒေါနတောင်ကြော အနောက်ခြမ်းတွင် ဒုက္ခသည် အများစုမှာ စပါးစိုက်သော လယ်သမားများ ဖြစ်ပြီးသူတို့မှာ ယခုနှစ်တွင် စပါး မစိုက်ပျိုး ပဲ နေရမည်ကို စိုးရိမ်နေကြသည်။



*ဒူးပလာယာခရိုင်၊ ဥကရစ်ထနှင့် လယ်ကော်တွင် ဗမာ့စစ်တပ်၏ လက်နက်ကြီးဒဏ်နှင့် လေကြောင်းတိုက်ခိုက်မှု ဒဏ်များကြောင့် အိုးအိမ်စွန့်ခွာခဲ့ရသူများကို ကရင်လူမှုအဖွဲ့အစည်းများမှ အရေးပေါ်လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးနေခြင်း*

ဒေါနတောင်တန်းအရှေ့ခြမ်းတွင်နေထိုင်သော စစ်ရှောင်အများစုမှာ သီးနှံစိုက် တောင်သူများဖြစ်ပြီး ပြောင်းဖူး၊ ကြံနှင့် ပဲပိစပ်တို့ စိုက်ပျိုးကြသည်။ သူတို့၏ ရိတ်သိမ်းမှုများမှာ ပဋိပက္ခများကြောင့် အနှောင့်အယှက် ဖြစ်ခဲ့ရသည်။ အများအပြားမှာ အကြွေးထောင်ချောက်တွင် မိနေကြပြီး သီးနှံများစိုက်ပျိုးရန် ငွေနှင့် မျိုးစေ့များကို ထိုင်းကုမ္ပဏီများထံမှ ချေးယူထားကြရာ ယခုအခါ အကြွေးနွံတွင် ပိုမို နစ်စေသည်။ ဤ လယ်သူမားများ သာမက လယ်ယာ လုပ်ငန်းတွင် လုပ်ခစားအလုပ်သမားများမှာ ယခုအခါ အသက်မွေးဝမ်းကြောင်းအတွက် ဝင်ငွေ မရှိတော့ ပဲ အစားအစာ ပံ့ပိုးမှုများ အရေးပေါ် လိုအပ်လျက်ရှိကြသည်။

ထိုင်းနယ်စပ် တစ်လျှောက်တွင် ထူထပ်သော သစ်တောများ မရှိတော့ သဖြင့် စစ်ရှောင်များအတွက် ဘေးကင်းသော နားခိုရာနှင့် ပုန်းအောင်းရန် နေရာများ တွေ့ရှိနိုင်ရန် ခက်ခဲလျက်ရှိသည်။ အဖြစ်သာလုပ်ထားသော စခန်းများတွင် ယာယီ နားခိုစရာ တဲများ ဆောက်လုပ်ရန် သစ်နှင့် ဝါးများ ရှာဖွေရန်လည်း ခက်ခဲလျက်ရှိသည်။


ဒေသခံ လူထု အဖွဲ့အစည်းများနှင့် KNU အုပ်ချုပ်ရေးအရာရှိများသည် အရေးပေါ် ကယ်ဆယ် တုန့်ပြန်ရေး အဖွဲ့များကို ဖွဲ့စည်းထားပြီး ဧရိယာတိုင်းအတွက် နယ်စပ်ဖြတ်ကျော် အကူအညီများ ပေးလျက်ရှိသည်။

## ဒူးပလာယာတွင် "ငြိမ်းချမ်းရေး လုပ်ငန်းစဉ်" ရှိနေသည့် ကြားမှ မြန်မာစစ်တပ်၏ စစ်ရေး လွှမ်းမိုးရန် ကြိုးပမ်းမှု နောက်ခံ သမိုင်းကြောင်း

၂၀၁၂ ခုနှစ် KNU နှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီး နောက်ပိုင်းတွင် ဒူးပလာယာတွင် မြန်မာစစ်တပ်က စစ်တပ် လွှမ်းမိုးရေး လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နေခြင်းသည် နေပြည်တော် ဗိုလ်ချုပ်ကြီးများက သူတို့၏ အဖိုးတန် နယ်စပ် ကုန်သွယ်ရေး ဧရိယာ အပေါ် ထိန်းချုပ်မှုကို မည်သည့်အခါမျှ လက်လွှတ်လိုခြင်း မရှိသည်ကို ပြသနေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်က မြန်မာ့တပ်မတော်က သိမ်းပိုက်ခဲ့သည့် ဖလူးနှင့် ဝေါလေ ကုန်သွယ်ရေး စခန်းများမှာ KNU အတွက် အဓိက ဝင်ငွေ အရင်းအမြစ်များ ဖြစ်ခဲ့ဘူးသည်။

အပစ်အခတ်ရပ်စဲရေး နောက်ပိုင်းတွင် KNU က မြန်မာ့တပ်မတော်အား ဒူးပလာယာ ခရိုင်အတွင်းမှ အဓိကအားဖြင့် ထိုင်းနယ်စပ် တစ်လျှောက်ရှိ မြဝတီ မြို့တောင်ဘက် နှင့် ဘုရား

KNU တပ်မဟာ (၆) အတွင်းရှိ စစ်တပ်အခြေစိုက်စခန်း နှင့် ကင်းစခန်းများ




သုံးဆူ မြောက်ဘက်အကြား ရှိ စခန်း ၁၃ ခုကို နောက်ဆုတ်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော်လည်း သူတို့က ကွန်ကရစ် အားဖြည့် ဘန်ကာများ တည်ဆောက်နေထိုင်နေခဲ့သည်။

ထို အခြေစိုက် စခန်းများမှာ ၂၀၁၂ မတိုင်မီ မြန်မာ့ တပ်မတော် ထိုးစစ်များအတွင်း လူဦးရေ လျော့နည်းသွားခဲ့သော ဧရိယာများတွင် ရှိပြီး ဒေသခံများမှာ အုန်းဖျံနှင့် နိုဖိုး ဒုက္ခသည်စခန်းများတွင် နေထိုင်ကြသည်။ ထို စခန်းများကို ဆက်ထိုင်ထားသည့်အတွက် ဒုက္ခသည်များ နေရပ် ပြန်လိုခြင်း မရှိကြခြင်းအတွက် အဓိက အကြောင်းရင်းလည်း ဖြစ်သည်။

## လေးကေ့ကော်မှ သင်ခန်းစာ၊ "ငြိမ်းချမ်းရေးမြို့" မှသည် စစ်မြေပြင်သို့

အထင်ကရ ငြိမ်းချမ်းရေး စီမံကိန်းမှ ဗုံး-အန္တရာယ် စစ်မြေပြင်သို့ ပြောင်းလဲသွားသည် လေးကေ့ကော်၏ အပြောင်းအလဲသည် ဂျပန်နှင့် အခြား နိုင်ငံခြား အလှူရှင်များအတွက် ရှင်းလင်းသော သင်ခန်းစာ ဖြစ်သည်။

*တည်ငြိမ်သော ငြိမ်းချမ်းရေး မရှိမီ ဒုက္ခသည်များ ပြန်ရေးကို တွန်းအား မပေးသင့်ပါ။*

လေးကေ့ကော်ကို နိပ္ပွန်ဖောင်ဒေးရှင်းမှတစ်ဆင့် ဂျပန်နိုင်ငံမှ သူတို့၏မြန်မာနိုင်ငံအရှေ့တောင်ပိုင်း "ပဋိပက္ခသက်ရောက်သော လူထုများအတွက် ပြန်လည် ပြုစုပျိုးထောင်ရေး အစီအစဉ်" ၏ အစိတ်အပိုင်းအဖြစ် အမေရိကန်ဒေါ်လာ ၅၇ သန်းကျော် အကုန်အကျခံ တည်ဆောက်ထားခြင်း ဖြစ်သည်။ ၂၀၁၅ မှ ၂၀၁၇ ခုနှစ်အတွင်း လေးကေ့ကော်တွင် အိမ်ပေါင်း ၈၀၀ ကျော်တည်ဆောက်ပြီး ခဲ့ပြီး ယခင်က ဒုက္ခသည်များနှင့် ပြည်တွင်း စစ်ရှောင်များ ၃,၀၀၀ ကျော် နေထိုင်ခဲ့ကြသည်။

ထိုဒုက္ခသည်များမှာ နောက်တစ်ကြိမ် အိုးအိမ်စွန့်ခွာ ထွက်ပြေးရသည့် စိတ်ဒုက္ခထပ်မံ ခံစားခဲ့ရသည့် အပေါ်တွင် သင်ခန်းစာမှာ သူတို့အတွက် လုံခြုံရေးကို အာမခံနိုင်ခြင်း မရှိပဲ သူတို့၏ နေရပ်ရင်းပြန်မှုကို ပံ့ပိုးပေးခြင်းမှာ အကြီးအကျယ် တာဝန်ခံမှု ကင်းမဲ့ခြင်းပင် ဖြစ်သည်။ နေရပ်ရင်း ပြန်ရေးမှာ စတင်မှုပင် မရှိသေးသည့် နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်မှ တဆင့်သာ ဖြစ်နိုင်မည်မှာလည်း ထင်ရှားနေသည်။

လုံခြုံရေး အာမခံနိုင်ဖို့ ဝေးစွ လေးကေ့ကော်မှာ တိုက်ခိုက်မှု ခံရနိုင်သည့် အလားအလာများ, မြင့်မားစွာ ရှိခဲ့သည်။ မြို့တောင်ဘက် နှစ် ကီလိုမီတာအကွာ မဟာဇျုဟာမြောက် အားသာချက်ရှိသည့် "အမြောက်ကုန်း" အပါအဝင် တည်ရှိဆဲ မြန်မာတပ်မတော် အခြေစိုက် စခန်းများအကြားတွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် တိုက်ပွဲများ စတင်သည်နှင့် တပြိုင်နက် ထို တောင်ကုန်းမှ မြို့ထဲသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။

ထိုသို့ မလုံခြုံသော တည်နေရာတွင် ဆောက်လုပ်ရန် ငွေကြေးထောက်ပံ့ခဲ့ခြင်းအတွက် နိပ္ပွန်ဖောင်ဒေးရှင်းကို အပြစ်တင်ရုံသာမက လေးကေ့ကို ခရီးသွားနေရာအဖြစ် "ပဋိပက္ခလွန်" ဇာတ်လမ်း အတုအယောင်အတွက် လေးကေ့ကော်ကို ခရီးသွား နေရာအဖြစ် မြှင့်တင်ရန် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်မည့် စီမံကိန်းတစ်ခု) ဒေါ်လာ 539,700 ကိုလည်း ထပ်မံ ခွဲဝေပေးခဲ့သည်။

***အချိန်မတိုင်မီ သုံးသပ်ချက် လုပ်ဆောင်သည့် ဂျပန် ODA သည် မြန်မာ့တပ်မတော်အား အားကောင်းစေခဲ့သည်။***

နိုင်ငံခြား အလှူရှင်များအတွက် နောက်ထပ် သင်ခန်းစာမှာ ဂျပန် အကူအညီများကို နေပြည်တော်အစိုးရသို့ပြန်လည်ပေးအပ်ရာတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် ချိတ်ဆက်ခြင်းမပြုပဲ ဆန္ဒစောစွာ ဆောင်ရွက်ခြင်း ဖြစ်သည်။

၂၀၁၂ ခုနှစ်ကတည်းက ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ ဗဟို အစိုးရအား ODA ပမာဏ ကြီးမားစွာ ချပေးခြင်းဖြင့် တိုင်းရင်းသား ဒေသများတွင် ပေးနေသော ၎င်းတို့၏ ငြိမ်းချမ်းရေး အကူအညီများကို အသေးအမွှား ဖြစ်စေခဲ့သည်။ ၂၀၁၇ ခုနှစ်သို့ ရောက်သော အခါတွင် ဂျပန်နိုင်ငံသည် မြန်မာအစိုးရအား ချေးငွေအဖြစ် ယန်း ၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉.၃ ဘီလီယံ)၊ စီမံကိန်း ထောက်ပံ့ငွေ ယန်းပေါင်း ၃၂၉ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂.၉ ဘီလီယံ) နှင့် နည်းပညာအကူအညီ ၉၈ ဘီလီယံ ယန်း (အမေရိကန်ဒေါ်လာ ၉၁၂ သန်း) ကို ပေးထားခဲ့ပြီး ဖြစ်သည်။[3]

အခြေခံ အဆောက်အဦနှင့် စက်မှု လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးထားသော ဤ အကူအညီသည် ဂျပန်၏ စီးပွားရေး အကျိုးစီးပွားများကို မြှင့်တင်ပေးပြီး ၎င်းတို့ပိုင် ကုမ္ပဏီများကို အကျိုးအမြတ်များ ရစေသည်။ ၎င်းတို့၏ အဓိက အကူအညီ/ရင်းနှီးမြှုပ်နှံမှုမှာ သီလဝါ အထူး စီးပွားရေး ဇုံ ဖြစ်သည်။ မြန်မာအစိုးရနှင့် ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် မစ်ဆူဘီရှိ၊ နှင့် ဆူမီတိုမို ကော်ပိုရေးရှင်းတို့အကြား ဖက်စပ် လုပ်ငန်းလည်း ဖြစ်သည်။

ဂျပန်နိုင်ငံမှ ပေးအပ်သော ဒေါ်လာဘီလီယံပေါင်းများစွာသည် စစ်တပ်ကျောထောက်နောက်ခံပြုအစိုးရ (နှင့် ၎င်း၏လုံခြုံရေးယန္တရား) ကို ဖြည့်စည်းပေးပြီး တရားဝင်ဖြစ်စေရုံသာမက ၎င်း၏ တစ်ပြည်ထောင်စနစ်၊ နှင့် ဗဟိုချုပ်ကိုင်သော အုပ်ချုပ်မှုစနစ်ကို ခိုင်မာစေရန်လည်း ဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံကို ဖက်ဒရယ် စနစ် တောင်းဆိုသော တိုင်းရင်းသားများနှင့် ဆန့်ကျင်ပြီး မြန်မာနိုင်ငံ၏ ပဋိပက္ခတွင် နေပြည်တော်ဘက်ခြမ်းတွင် ရပ်တည်စေလျက် မြန်မာနိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဂျပန်နိုင်ငံက ပံ့ပိုးကူညီသည်ဆိုသော ပြောဆိုချက်သည် ပျက်ရယ်ပြုစရာ ဖြစ်စေခဲ့သည်။

**(ဂျပန် ODA ချေးငွေဖြင့်ဖော်ဆောင်နေသော) အရှေ့အနောက်စီးပွားရေးစင်္ကြံ (EWEC) စီမံကိန်းလမ်းကြောင်း ပေါ်တွင် တည်ရှိသောတံတားများ**




*အရင်းအမြစ်။ (၂၀၂၀ ခု ဖေဖော်ဝါရီ EWEC အဝေးပြေးလမ်းမ ဖွံ့ဖြိုးရေး စီမံကိန်းအတွက် JICA ၏ ပြင်ဆင်မှု စစ်တမ်း)*

[3] https://www.hrw.org/news/2021/04/27/japan-suspend-aid-benefitting-myanmar-junta

ဂျပန်နိုင်ငံမှ ငွေကြေးထောက်ပံ့သော အခြေခံ အဆောက်အဦး စီမံကိန်းများသည်လည်း ဥပမာ- အရှေ့အနောက် စီးပွားရေး စင်္ကြံ (EWEC) တိုးတက်ရေး စီမံကိန်းတွင် ထိုင်းနယ်စပ်ရှိ မြဝတီမြို့ကို မြန်မာနိုင်ငံ အလယ်ပိုင်း မြို့တော်များနှင့် ချိတ်ဆက်ပေးထားခြင်းဖြင့် မြန်မာ့တပ်မတော်၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများကို ဖော်ဆောင်ပေးသည်။ ၂၀၁၅ ခုနှစ်တွင် KPSN က အာရှ အဝေးပြေးလမ်းမကြီး (EWEC ၏တစ်စိတ်တစ်ပိုင်း) တည်ဆောက်ရေးသည် မည်ကဲ့သို့ ပဋိပက္ခကို မီးထိုးပေးနေသည်ကို ဖော်ထုတ်ထားသည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး ဧရာမ စီမံကိန်းများကို ပြည့်ဝသော ငြိမ်းချမ်းရေး သဘောတူညီမှု ရရှိသည်အထိ စောင့်ဆိုင်းကြရန် တိုက်တွန်းခဲ့သည်။ သို့ရာတွင် ၂၀၁၅ တွင် ADB သည် JICA ၏ ရံပုံငွေမှ ကော့ကရိတ် အိန္ဒြကြား ကရင်ပြည်နယ် အရှေ့ပိုင်းတွင် ၆၇ ကီလိုမီတာရှည်သော အဝေးပြေး လမ်းမကြီးကို တည်ဆောက်ရန် မြန်မာ ဆောက်လုပ်ရေး ဝန်ကြီးဌာနကို အမေရိကန် ဒေါ်လာ သန်း ၁၀၀ ချေးပေးခဲ့သည်။ ယင်းလမ်းပိုင်းမှာ မပြီးဆုံးသေးပါ။

၂၀၁၅ တွင် JICA သည် ယန်းပေါင်း ၃၃.၈၆၉ ဘီလီယံ (ခန့်မှန်းချေ အမေရိကန်ဒေါ်လာ သန်း ၂၆၀) ခန့်ကို မော်လမြိုင်နှင့် ကော့ကရိတ် အကြား EWEC လမ်းကြော တစ်လျှောက် တံတား သုံးခု တည်ဆောက်ရန် ချေးငွေအဖြစ် အတည်ပြုခဲ့သည်။ ထို တံတားများဆောက်လုပ်ရန် ဂျပန် ကုမ္ပဏီများကို ကန်ထရိုက်ပေးခဲ့ပြီး အာဏာသိမ်းပြီး နောက်ပိုင်းအထိပင် ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ စစ်ကောင်စီ၏ နိုင်ငံပိုင် မီဒီယာ၏ ၂၀၂၂ အစောပိုင်း ထုတ်ပြန်ချက်အရ ဟာဇာမာ အန်ဒို ကော်ပိုရေးနှင့် နှင့် P.S. မစ်ဆူဘီရှိ ကော်ပိုရေးရှင်း ကုမ္ပဏီများ ပူးပေါင်း တည်ဆောက်နေသော ဂျိုင်း-ကော့ကရိတ် တံတားမှာ ၇၀ % ပြီးဆုံးပြီဖြစ်ပြီး ဂျပန်နိုင်ငံ၏ IHI ကော်ပိုရေးရှင်းက တည်ဆောက်လျက်ရှိသော ဂျိုင်း-ဇာသပြင် တံတားနှင့် အတ္တရံ တံတားတို့မှာ ဆောက်လုပ်ရေး အစောပိုင်း အဆင့်များတွင်သာ ရှိနေသေးသည်။

သို့ဖြစ်ရာ အာဏာသိမ်းသည့် အချိန်မှစ၍ မြန်မာနိုင်ငံတွင် ODA စီမံကိန်း အသစ်များ ရပ်ဆိုင်းထားမှု အပြင် ဂျပန်နိုင်ငံ၏ တည်ဆဲ ODA အကူအညီများသည် စစ်အုပ်စု၏ မဟာဗျူဟာမြောက် အကျိုးစီးပွားကို အလုပ်အကျွေးပြုနေပေသည်။

## နိဂုံးချုပ်နှင့် အကြံပြုချက်များ

KNU အပစ်အခတ်ရပ်စဲရေးမှာ နှိုင်းယှဉ်မှုအရ ပြောမည်ဆိုပါက ရှိနေသေးသည်ဟု ဆိုနိုင်သည့် အချိန်တွင် စစ်ကောင်စီက ဒူးပလာယာတွင် တမင်သက်သက် ပဋိပက္ခ ဖန်းတီးခြင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပေါ်တွင် ၎င်းတို့၏ ရိုးသား ဖြောင့်မတ်မှု မရှိခြင်း ကို ရှင်းရှင်းလင်းလင်း ပြသနေပြီး ၎င်းတို့၏ အုပ်ချုပ်ရေးကို ခုခံတော်လှန်မှု အားလုံးကို အင်အားသုံး ဖြိုခွင်းသွားမည်ဖြစ်ကြောင်း ပြသနေပေသည်။

နိုင်ငံတစ်လွှား ရက်စက်ကြမ်းတမ်းသော လုပ်ရပ်များအား ကြီးမားနေချိန်တွင် အောက်ပါတို့ အပါအဝင် စစ်ကောင်စီအပေါ် နိုင်ငံတကာက ဖိအားတိုးမြင့်ပေးကြရန် မိမိတို့၏ တောင်းဆိုမှုကို ထပ်လောင်း တောင်းဆိုလိုက်သည်။

၁။ ကမ္ဘာလုံးဆိုင်ရာ လက်နက် ပိတ်ဆို့ရေး နှင့် လေယာဉ် ဆီ ပံ့ပိုးမှုအပေါ် ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်။
၂။ သဘာဝ ဓါတ်ငွေ့ ဝင်ငွေအပါအဝင် ပစ်မှတ်ထား စီးပွားရေး အရေးယူ ပိတ်ဆို့မှု ချမှတ်ရန်။
၃။ သူတို့၏ ရာဇဝတ်မှုများအပေါ် တာဝန်ခံမှု ရှိစေရန်အတွက် အခြေအနေကို နိုင်ငံတကာ ရာဇဝတ် တရားခုံရုံးသို့ လွှဲပြောင်းပေးရန်
၄။ စစ်အုပ်စုကို ဖွံ့ဖြိုးရေး ဆိုင်ရာ အကူအညီအသစ်များ ရပ်ဆိုင်းထားရန် သာမက EWEC တစ်လျှောက် တံတား ဆောက်လုပ်ရေးလုပ်ငန်းများ အတွက် JICA၏ လက်ရှိ ငွေကြေးထောက်ပံ့မှု အပါအဝင် လက်ရှိရှိနေသော ဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ရပ်ဆိုင်းထားရန်
၅။ တိုင်းရင်းသား လူမှု ဝန်ဆောင်မှု ဌာနများနှင့် လူထု အခြေပြု (CBOs/CSOs) အဖွဲ့အစည်းများမှ တဆင့် စစ်ရှောင်များအား နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာမှု အကူအညီပေးမှုကို တိုးမြှင့်ရန်

မြန်မာ့တပ်မတော်၏ တိုက်ခိုက်မှုနှင့် ချိုးဖောက်ကျူးလွန်မှုများမှ ထွက်ပြေးလာသော ဒုက္ခသည်များအား အကာအကွယ်နှင့် နေရာ ထိုင်ခင်းပေးရန် နှင့် လူသားချင်းစာနာမှု အေဂျင်စီများအနေဖြင့် ထို ဒုက္ခသည်များအား ထိတွေ့ပြီး ကူညီခွင့် ပြုရန် KPSN က ထိုင်းနိုင်ငံကိုလည်း တိုက်တွန်းလိုက်သည်။





*ပလောတာပြို့တွင်ရှိသော နေရပ်စွန့်ခွာသူများနေထိုင်သည့်နေရာ၊ ပလူးဖိုး၊ မြဝတီတောင်ပိုင်း၊ ဒူးပလာယာခရိုင်။*